# အိမ်၌ စာဖတ်ခြင်း

ပိုမိုသော အချက်အလက်များအတွက်

**ourlearning.sa.edu.au**



Government of South Australia
Department for Education

# သင့်ကလေးနှင့်အတူ စာဖတ်ခြင်း

စာဖတ်ခြင်းသည် အမြဲအားဖြင့် အရေးကြီးသော ကျွမ်းကျင်မှုတစ်ခုဖြစ်ပါသည် – ၎င်းသည် ယနေ့တွင် ယခင်ရှိဘူးသည်ထက် ပို၍ပင် အရေးကြီးပါသည်။ သင့်ကလေးနှင့်အတူ စာဖတ်ပေးခြင်းအားဖြင့် အိမ်၌ စာတတ်မြောက်မှု ထူပြောသော ပတ်ဝန်းကျင်တစ်ရပ်ကို သင ဖန်တီးနိုင်သည်။

ကလေးများသည် စာတတ်မြောက်မှုကို အတူတကွ စာဖတ်သည့်အတွေ့အကြုံအပြင် စာဖတ်သည့်ညွှန်ကြားချက်တို့မှ တစ်ဆင့်လည်း ဖွံ့ဖြိုးကြပါသည်။ ဤအရာ နှစ်ခုလုံးသည် သွက်လက်သော စာဖတ်သူများဖြစ်လာစေရန် ကလေးများအတွက် အရေးကြီးပါသည်။

ဤအချက်အလက်စာရွက်အားဖြင့် စာဖတ်ရန် သင်ယူနေသည့် ကလေးများအား ပံ့ပိုးပေးရန် အိမ်၌ သင လုပ်နိုင်သည့် အရာကို ရှင်းလင်းပြထားပါသည်။

## ကျောင်းများမှ ပံ့ပိုးမှု

သင့်ကလေး၏ ဆရာဆရာမ နေရာကို သင ယူရန်လိုသည်ဟု မထင်လိုက်ပါနှင့်။ သူတို့သည် သင့် ကလေး အိမ်၌ စာဖတ် လေ့ကျင့်ရန် စာအုပ်များနှင့် အရင်းအမြစ်များဖြင့် သင့်အား ပံ့ပိုးပေးပါမည်။ ၎င်းတို့မှာ သင့်ကလေးအား သင်ကြားပေးထားသည့်အတိုင်း စာလုံးများ၊ အသံများနှင့် စကားလုံးများတို့နှင့် ကိုက်ညီပါမည်။



## အိမ်၌ သင့်ကလေး စာဖတ်သည်ကို ပံ့ပိုးပေးပုံ

သင့်ကလေးအား စာဖတ်ပြခြင်းသည် သူတို့ ကျောင်း စမတက်မီနှင့် စတက်ချိန်၌ သူတို့အား အထောက်အကူပေးမည်ဖြစ်သည်။ သင့်ကလေး စာ စတင်ဖတ်နေပြီဖြစ်လျှင် သူတို့ စာဖတ်သည်ကို နားထောင်နိုင်သည် သို့မဟုတ် သူတို့နှင့်အတူ စာဖတ်နိုင်သည်။ ၎င်းသည် လုပ်ရိုးလုပ်စဉ်ကို ဖန်တီးပေးရန်နှင့် မိသားစုနှင့် အဆက်အသွယ်ကို အဆင်ပြေအောင်လုပ်ပေးခြင်းအတွက် အလွန်ကောင်းသော နည်းလမ်းများဖြစ်ပါသည်။ ၎င်းသည် အလွန်ပျော်စရာလည်း ကောင်းပါသည်။

ငယ်ရွယ်သော ကလေးများအတွက် စာဖတ်သည်ကို နားထောင်ပေးခြင်း သို့မဟုတ် သင စာဖတ် စာရေးသည်ကို ပေးကြည့်ခြင်းသည် သူတို့အတွက် အောက်ပါတို့ကို အထောက်အကူပြုသည်–

- ဘာသာစကား မည်သို့ရှိသည်ကို နားလည်သည်
- စာဖတ်ခြင်း အရေးကြီးကြောင်းကို နားလည်သည်
- စာဖတ်ခြင်းအပေါ် စောစော ကျွမ်းကျင်လာသည်။

### ယခုမှ စာစဖတ်နေသည့် ကလေးများ

ယခုမှစတင်၍ စာစဖတ်နေသည့် ကလေးများကို သင အောက်ပါတို့အား ရှင်းပြပေးရန် အာရုံစိုက်နိုင်သည်–

- ကျွန်ုပ်တို့ စာအုပ်ကို ကိုင်တွယ်ပုံ
- ပုံနှိပ်စာလုံးမှာ ကျွန်ုပ်တို့ ဖတ်သည့်စာအုပ်၏ တစ်စိတ်တစ်ပိုင်းဖြစ်သည်
- စာကို ဘယ်ဖက်မှ ညာဖက်သို့ ဖတ်သည်
- ဝါကျများမှာ စကားလုံးများနှင့် ပုဒ်ဖြတ်ပုဒ်ရပ်ဖြင့် ဖွဲ့စည်းထားသည်

စာဖတ်ခြင်းပါဝင်သည့် နေ့စဉ် စကားပြောခြင်းများနှင့် လုပ်စရာများတွင် သင့်ကလေးအား ပါဝင်လုပ်စေပါ။ ဥပမာ၊ ပုံပြောပြခြင်း၊ ချက်နည်းပြုတ်နည်း အသုံးချခြင်း၊ ဈေးဝယ်စာရင်းလုပ်ခြင်း သို့မဟုတ် လမ်းဆိုင်းဘုတ်များ ဖတ်ခြင်းတို့ဖြစ်သည်။ ဤလုပ်စရာများသည် စာဖတ်ခြင်းနှင့်စာရေးခြင်းမှာ နေ့စဉ် ကိစ္စ အမျိုးမျိုး အမြောက်အမြားအတွက် မည်သို့ အသုံးပြုကြောင်း သင့်ကလေး နားလည်ရန် အထောက်အကူပြုမည်ဖြစ်ပြီး ကျွန်ုပ်တို့သည် အခြားသော စာများအပြင် စာအုပ်များကိုလည်း ဖတ်ပါသည်။



## စာရိုက်နည်းသိသည့် ကလေးများ

သင့် ကလေး စာရိုက်ထုတ်သည့်နည်းကို သိလျှင် စာအုပ်၏ သီးခြား အသွင်အပြင်များကို သင် အာရုံစိုက်နိုင်သည်၊ ၎င်းတို့မှာ–

- ခေါင်းစဉ်များနှင့် ခေါင်းစဉ်ခွဲများ
- စာတန်းများ
- စာရင်းများ
- ပုံဆွဲများနှင့် ပုံပြမျဉ်းများကို နည်းလည်ခြင်း
- စာအရွယ်အစား နှင့် ပုံသဏ္ဍာန်။

## စာ ကျယ်ကျယ်ဖတ်ခြင်းမှာ အရေးကြီးသည်

အောက်ပါတို့ကို လုပ်ပေးခြင်းအားဖြင့် သင့်ကလေးအား စာဖတ်ပြခြင်းသည် သူတို့၏ စာတတ်မြောက်မှု ဖွံ့ဖြိုးရေးကို ပံ့ပိုးပေးသည့် အံ့သြဖွယ်ရာ နည်းလမ်းတစ်ခုဖြစ်သည်–

- သူတို့အား ဝေါဟာရ အသစ်ကို ထိတွေ့ပေးခြင်း
- သူတို့၏ ဘာသာရပ်အမျိုးမျိုး၏ ဗဟုသုတကို တည်ဆောက်ပေးခြင်း
- သူတို့ စိတ်ဝင်စားသည့် အကြောင်းအရာခေါင်းစဉ်များကို ရှာဖွေပေးခြင်း။

၎င်းသည် သူတို့အား စာအဖတ်နှင့် အရေးတို့၏ အသံများ၊ ပုံသဏ္ဍာန်များနှင့် ဖြစ်စဉ်များတို့နှင့်လည်း ယဉ်ပါးစေပါမည်။ ၎င်းသည် ပျော်စရာလည်း ကောင်းနိုင်သည် – သရုပ်ဆောင်ခြင်း ကဲ့သို့ဖြစ်သည်။

သင် ယဉ်ပါးသည့် ပုံအကြောင်း ဖတ်နေလျှင် သင့်ကလေးသည် ပါဝင်ပူးပေါင်း၊ သံစဉ်သီဆို သို့မဟုတ် သံစဉ်နှင့်အညီ လိုက်တီးခပ် နိုင်သည်။ အတူတူ ပုံအကြောင်းကို တစ်ခါထက်ပို၍ ဖတ်နေသည်မှာ ကိစ္စမရှိပါ။ ကလေးများသည် ပုံအကြောင်းများကို ခဏ ခဏ အကြိမ်ကြိမ် နားထောင်ရန် ကြိုက်ပါသည်။

သီချင်းများနှင့် သံစဉ်များကို ဝေမျှဖလှယ်ခြင်းသည် သူတို့အတွက် ကျွန်ုပ်တို့၏ ဘာသာစကားရှိ အသံများကို နားထောင်ရန်နှင့် အသံပြန်ထုတ်ရန် နောက်ထပ် အခွင့်အလမ်း တစ်ရပ် ရသည်။



## ဖတ်စရာတစ်ခုခုကို ရှာခြင်းနှင့် ရွေးခြင်း

အိမ်၌ သင့်ကလေးအတွက် ဖတ်စရာ အမျိုးမျိုးရှိကြောင်း သေချာစေပါ – ဝတ္ထုစာအုပ်များနှင့် သုတစာပေများဖြစ်သည်။ စာအုပ်များကို ရှာဖွေရန် ကျောင်းနှင့် စာအုပ်အဟောင်းဆိုင်များသည် အလွန်ကောင်းသည့် နေရာများ ဖြစ်နိုင်သည်။ သင် အခြား မိသားစုများနှင့်လည်း စာအုပ်များကို လဲလှယ်နိုင်ပါသည်။

သင့် ကလေးနှင့်အတူ စာအုပ်များကို ရွေးပါ။ စာအုပ်များအကြောင်း ပြောဆိုခြင်းသည် သူတို့အား သက်သောင့်သက်သာဖြစ်စေပြီး ယဉ်ပါးစေပါမည်။

စာအုပ်အသစ်တစ်အုပ်မှာ ကြီးကျယ်သည့် ဦးစားပေးမှု သို့မဟုတ် လက်ဆောင် တစ်ခုဖြစ်နိုင်သည်။

## သင့် မိခင် ဘာသာစကားဖြင့် စာဖတ်ခြင်း

သင့် မိခင် ဘာသာစကားမှာ အင်္ဂလိပ်ဘာသာစကား မဟုတ်လျှင် သင့်ကလေးကို သင့်မိခင် ဘာသာစကားဖြင့် စာဖတ်ရန် အရေးကြီးပါသည်။ သင့် မိခင် ဘာသာစကားကို ပြောခြင်းသည် သင့် ကလေး အင်္ဂလိပ်လို ဖတ်တတ်ရန် အထောက်အကူပြုကြောင်း အတွေ့အကြုံရှိပါသည်။

## နေ့တိုင်း စာဖတ်ရန် အချိန်လုပ်ပါ

စာ အတူတူဖတ်ခြင်းကို တီဗီ သို့မဟုတ် ဖုန်းကဲ့သို့ အနှောင့်အယှက်များမှ ကင်းကွာ၍ အထူးအချိန် လုပ်ပါ။ သင့်ကလေးသည် အတူတူဖြုန်းသည့် အချိန်ကို တန်ဖိုးထားပါမည်။ ၎င်းသည် တီဗီအချိန်မှ အားလပ်ချိန်ယူရန် အလွန်ကောင်းသော နည်းလမ်းတစ်ခုလည်း ဖြစ်သည်။

သင့်ကလေး ပင်ပန်းနေလျှင် သို့မဟုတ် ဂနာမငြိမ်ဖြစ်နေလျှင် အချိန်တိုတို လုပ်ပါ – ခန့်မှန်းခြေ ၅ မိနစ်ဖြစ်သည်။ သူတို့ စိတ်ပါလာနေသည့်အခါ သင် အချိန်တိုးလုပ်နိုင်သည်။ နေ့စဉ် ၅ မိနစ်မှ ၁၀ မိနစ်သည် တစ်ပတ် မိနစ် ၂၀ တစ်ကြိမ်ထက် ပိုကောင်းပါသည်။



## သင့်ကလေးနှင့်အတူ စာဖတ်ခြင်း

### သင့်ကလေး၏ ဆရာဆရာမထံမှ စာအုပ်များကို သုံးပါ

အိမ်၌ စာဖတ်လေ့ကျင့်နေသည့်အခါ သင့်ကလေး၏ ဆရာဆရာမ ပေးထားသည့် စာအုပ်များကို သုံးပါ။ စာအုပ်သည် သူတို့ သင့်ကလေးအား သင်ကြားပေးခဲ့သည့် စာလုံးများ၊ အသံများနှင့် စကားလုံးများတို့နှင့် ကိုက်ညီပါမည်။

### သင် ဖတ်နေသည့်အကြောင်းကို ပြောပြပါ

သင်နှင့်သင့်ကလေး ဖတ်နေစဉ် ယခုထိ ဘာဖြစ်ခဲ့သည်ကို ပြောဆိုပြီး နောက်ထပ် ဘာဖြစ်နိုင်သည်ကို သူတို့ ထင်မြင်ကြောင်း သူတို့ကို မေးပါ။

သင် စာအုပ်ကို ဖတ်ရှုပြီးသည့်အခါ ဇာတ်လမ်းနှင့် ရုပ်ပုံများအကြောင်း ပြောဆိုပြီး မေးခွန်းများ မေးပါ။

### ပိုခက်သော စာအုပ်များကို အတူ အလှည့်ယူ ဖတ်ခြင်း

ပိုခက်သော စာအုပ်ကို အတူဖတ်နေစဉ် အလှည့်ယူပါ။ လေ့လာနေသည့် စာဖတ်သူသည် ပိုမို ရိုးစင်းသော အပိုင်းများ သို့မဟုတ် ပြန်ကျော့သော အပိုင်းများကို ဖတ်နိုင်သည်။ ရင့်ကျက်သော စာဖတ်သူသည် စာပိုဒ် သို့မဟုတ် စာတစ်မျက်နှာကို ဖတ်နိုင်သည်။

သင် စကားလုံးအသစ်တစ်လုံးကို တွေ့လျှင် သင့်ကလေးအား စကားလုံးကို သိရန် ခေတ္တရပ်ဆိုင်းပေးပါ။ သူတို့အား စကားလုံးကို မခန့်မှန်းခိုင်းပါနှင့်။ အကယ်၍ ဤစကားလုံးကို သင့်ကလေး မကြားဘူးခဲ့လျှင် စကားလုံးကို ခပ်ကျယ်ကျယ်ဖတ်ပြပြီး သင်နှင့်အတူ လိုက်ဆိုခိုင်းပါ။ ဤသို့ဖြင့် သင်သည် သူတို့၏ စကားလုံး အသံထွက်ကို စစ်ဆေးနိုင်သည်။

## အတူစာဖတ်သည့်အခါ သတိထားရမည့် အရာများ

သင့်ကလေးအား အောက်ပါတို့ကို ပံ့ပိုးပေးပါ–

- စာလုံးအသံများကို သုံး၍ စကားလုံးတစ်ခုလုံး အသံထွက်ဖတ်ရန် (စကားလုံးကို မခန့်မှန်းပါနှင့်)
- စကားလုံးရှိအသံများကို အတူရောစပ်ရန် (ဥပမာ h–o–p hop, sh–e–ll shell, ch–i–ck–e–n chicken)
- စကားလုံးကို ထပ်တလည်လည် ဖတ်ရန်
- စာ၏ အဓိပ္ပါယ်ကို ရရန် ဝါကျကို ပြန်ဖတ်ရန်
- စကားလုံး၏ အဓိပ္ပါယ်ကို ရှင်းပြပါ – အချို့စကားလုံးများတွင် အဓိပ္ပါယ် တစ်ခုထက်ပို၍ ရှိသည်
- စာရိုက်သည့်အတွက် သင့်ကလေးအာ ချီးမြှောက်ပေးပါ။ မှားယွင်းမှုများမှာ စာသင်ယူရေး၏ တစ်စိတ်တစ်ပိုင်းဖြစ်သည်။

စာဖတ်သင်ယူနေသည့် ကလေးများနှင့်အတူ သင် ဖတ်နေသည့် ဇာတ်လမ်းထဲမှ စကားလုံးများကို ဆွဲထုတ်ရန် စာလုံး အပြားလေးများကို သုံးပါ။ သင့်ကလေး စကားလုံး ကြွယ်ဝပေးစေပြီး သင့်အား ပြန်ဖတ်ပြစေပါ။ ဝါကျအတိုသို့ တိုးမြှင့်သင်ကြားပေးပါ။

သင့်ကလေးသည် စာဖတ်သင်ယူနေစဉ် အောင်မြင်ကြောင်း ခံစားရရန် လိုသည်။ သူတို့အား များများ ချီးမြှောက်ပြီး များများ အားပေးအားမြှောက် လုပ်ပေးပါ။ ကျွန်ုပ်တို့ ကလေးများအား လေ့ကျင့်ရန် အခွင့်အလမ်း များများပေးခြင်းအားဖြင့် ကျွန်ုပ်တို့သည် သူတို့အား မိမိကိုယ်မိမိ ယုံကြည်စိတ်ချလာနိုင်စေသည်၊ စိတ်လှုပ်ရှားရန် မဟုတ်ပါ။



## နေရာတိုင်းတွင် စာဖတ်ခြင်း

သင်သည် တစ်နေ့လုံး နေရာတိုင်းတွင် စာသင်ပေးနိုင်သည့် အချိန်ကို တွေ့နိုင်ပါသည်။

နည်းလမ်းများ အချို့တွင် သင်သည် သင်၏ နေ့စဉ် အောက်ပါလုပ်စရာများ၌ စာဖတ်ခြင်းကို ထည့်ပေးနိုင်သည်–

- 'I spy…something beginning with d' ကဲ့သို့ ကစားစရာဂိမ်း ကစားခြင်း
- သင် အတူတူ ချက်ပြုတ်စဉ် သင့်ကလေးအား ရိုးရိုး ချက်ပြုတ်နည်းကို ကျယ်ကျယ်ဖတ်ခိုင်းခြင်း
- စကားလုံး ပဟေဠိများ သို့မဟုတ် ခရော့စ်ဝတ်ဒ် (crosswords) အတူတူလုပ်ခြင်း
  စာသေတ္တာလက်ကမ်းစာစောင်များ၊ ကြော်ညာစာများ၊ စာတန်းများ၊ မဂ္ဂဇင်းများနှင့် လမ်းဆိုင်းဘုတ်များကဲ့သို့ နေ့စဉ်အရာများကို အတူတူ ဖတ်ခြင်း
- ဘုတ်ဂိမ်းကစားစရာကို အတူ ကစားခြင်း၊ စည်းမျဉ်းများ သို့မဟုတ် ဘုတ်ကို ဖတ်ခြင်း
- သင် သူတို့အား ဖတ်ပြသည့်အရာကို သင့် ကလေးအား ပြန်ပြောခိုင်းခြင်း
- ပလတ်စတစ် စာလုံးများ၊ ရောင်စုံခဲတံများ၊ ဖောင်တိန်များနှင့် စာရေးစက္ကူများကို ပေးအပ်ခြင်း
- ဖောင်တိန်များနှင့် ရောင်စုံခဲတံများကို ကိုင်ရန် သင့်ကလေးအား တိုက်တွန်းအားပေးခြင်း



## မိတ်ဆွေများနှင့်မိသားစုတို့နှင့်တကွ ပြောဆို ဆက်ဆံရန် အချိန်လုပ်ပါ

ပုံဇာတ်လမ်းများ ပြောဆိုပေးခြင်းနှင့် ဝေါဟာရ အသစ် အသုံးပြုခြင်းသည် ကလေးများအား ဘာသာစကားအပေါ် စိတ်ချစေရန် အထောက်အကူပြုသည်။

ဤကိစ္စ သူတို့လုပ်နိုင်သည့် နည်းလမ်းတစ်ခုမှာ မိတ်ဆွေများနှင့် မိသားစုနှင့်တကွ ဖုန်းပေါ်မှ သို့မဟုတ် ဗီဒီယိုချက် မှတစ်ဆင့် ဖတ်ပြစေခြင်းအားဖြင့်ဖြစ်သည်။

၎င်းသည် သူတို့အား ယဉ်ပါးသည့် စာအုပ်များကို ပြန်ဖတ်ရန်နှင့် သွက်လက်စွာဖတ်ရန်အတွက် လေ့ကျင့်ရန် ကောင်းသော အခွင့်အလမ်း တစ်ခုဖြစ်သည်။ သင့်ကလေးသည် ဇာတ်လမ်းကို သရုပ်ဆောင်ခြင်းအား ကြိုက်နှစ်သက်နိုင်ကောင်းသည် သို့မဟုတ် အသံသေးအသံကြောင်ဖြင့် ဖတ်ရှုခြင်းကို ကြိုက်နှစ်သက်နိုင်ကောင်းသည်။



## အွန်လိုင်း ဖတ်စရာ ရင်းမြစ်များ

Our Learning SA ဝက်ဘ်ဆိုက် (ourlearning.sa.edu.au) တွင် သင့်ကလေး၏ စာတတ်မြောက်မှုကို ပံ့ပိုးပေးရန် သင် သုံးနိုင်သည့် ရင်းမြစ် အမြောက်အမြားရှိသည်။

စတင်လုပ်ရန် ကောင်းသော အချို့နေရာများမှာ–

- the prior to school section
- the English area of the reception to year 2 section.

Government of South Australia
Department for Education

ပိုမိုသော အချက်အလက်များအတွက်

**ourlearning.sa.edu.au**

0420_103